# စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ ဆိုင်းငံ့မိန့်လျှောက်ထားသူများ သိရှိနိုင်ပါရန် ကာကွယ်ရေးဌာနခွဲ၏ ကြေညာချက်အမှတ်( ၁ / ၂၀၂၅ ) ထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ ဆိုင်းငံ့မိန့်လျှောက်ထားသူများအနေဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄(က)နှင့် ၁၆(ဂ)အရ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ခုနစ်ရက်အတွင်း အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်သည့် အာမခံကြေး ၁၀,၀၀၀,၀၀၀/- (ကျပ် သိန်းတစ်ရာ တိတိ) သို့မဟုတ် ဆိုင်းငံ့ပစ္စည်း အကောက်ခွန်တန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းအား အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

၂။ သတ်မှတ်ရက်အတွင်း အာမခံကြေး ပေးသွင်းခြင်းမရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေခွဲ ၁၄(ခ) အရ ငြင်းပယ်မည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန